# ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရမှုဆိုင်ရာ

# လမ်းညွှန်အခြေခံမူများ

M

ကမ္ဘာ့ကုလသမဂ္ဂ

## လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Jan Egeland ၏ ဒုတိယအကြိမ် တည်းဖြတ်ထုတ်ဝေသော လမ်းညွှန်အခြေခံမူများအတွက်အမှာစကား

ယခုအခါ ကမ္ဘာတလွှားရှိ နိုင်ငံပေါင်း ၅၀ တွင် လူပေါင်း ၂၅သန်းကျော်တို့သည် မိမိတို့၏ နိုင်ငံအတွင်း ပဋိပက္ခများနှင့် လူ့အခွင့်အရေးများ ချိုးဖောက်ခြင်းတို့ကြောင့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းခဲ့ကြရသည်။ တူညီသော သို့မဟုတ် ပိုများသော အရေအတွက် ရှိသည့် သူတို့သည်လည်း သဘာဝဘေးအန္တရာယ်များ သို့မဟုတ် အခြေခံ အဆောက်အအုံ ဆိုင်ရာစီမံကိန်းများ၏ အကျိုးဆက်ကြောင့် နေရပ်စွန့်ခွာရွှေ့ပြောင်း နေကြရသည်။

မိမိတို့၏ နေအိမ်များနှင့် အသက်မွေးဝမ်းကျောင်း အလုပ်များကို အတင်း အကြပ် စွန့်ခွာခိုင်းခံရသော ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများသည် ကမ္ဘာတလွှား တွင် မေ့လျော့နေသော၊ လျစ်လျူရှုခြင်းခံရသော များပြားလှသည့် အရေးပေါ်ဖြစ်ရပ် များတွင် မေ့လျော့မှုအခံရဆုံးနှင့် လျစ်လျူရှုခြင်း အခံရဆုံးသော ပြည်သူများ ဖြစ်ကြသည်။

အထွေထွေအတွင်းရေးမှူးချုပ် Kofi Annan က "ကျွန်ုပ်တို့၏လက်ရှိ အချိန် ကာလအတွက် ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရမှုသည် ကြီးမားသော ဖြစ်ရပ်ဆိုး ပင်ဖြစ်သည်။ ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသောသူများသည် လူသား မိသားစုအနက် ဘဝရပ်တည်ရန် အခက်ခဲဆုံးသောသူများထဲတွင် ပါဝင်ပါသည်" ဟု မှတ်ချက်ပြုခဲ့သည်။

ထို့ကြောင့် ပြည်တွင်း၌နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများကို ကာကွယ် စောင့်ရှောက်ပေးခြင်းနှင့် ကူညီထောက်ပံ့ပေးခြင်းဆိုင်ရာ လိုအပ်ချက်များကို တုံ့ပြန် ဖြေရှင်းပေးခြင်းသည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အသိုင်းအဝန်း၏ ယနေ့ အဓိကစိန်ခေါ်မှုများထဲမှ တစ်ခုဖြစ်နေပေသည်။

ပထမအကြိမ် ထုတ်ဝေသော လမ်းညွှန်အခြေခံမူများ၏ အမှာစကားတွင် ကွယ်လွန်သူ Sergio Vieira de Mello က ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရ သူများ၏ အခြေအနေများကို တုံ့ပြန်ဖြေရှင်းသော ကမ္ဘာ့ကုလသမဂ္ဂစနစ်၏ စွမ်းဆောင် နိုင်မှုကို ပိုမိုမြှင့်တင်ရန် ကတိကဝတ်ပြုခဲ့ပြီးဖြစ်သည်။



အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူးအနေဖြင့် ကျွန်ုပ်သည် ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများ၏ အကျဉ်းအကြပ် ဒုက္ခရောက်နေမှုအား တစ်ကမ္ဘာ လုံးက အခိုင်အမာ ကျယ်ပြန့်စွာ သိရှိနားလည်စေခြင်းကို တိုးမြှင့်ဆောင်ရွက်ရန်နှင့် ယင်းတို့၏ ခံစားနေရမှုများအတွက် ပိုမိုထိရောက်သော အဖွဲ့အစည်းအချင်းချင်းအကြား တုံ့ပြန်ဖြေရှင်းမှု ယန္တရားရှိနေရန် သေချာစေခြင်းတို့ကို ကျွန်ုပ်၏ အရေးအကြီးဆုံး ဦးစားပေး မှုအဖြစ် ပြုလုပ်ဆောင်ရွက်သွားပါမည်။

Dr. Francis Deng ၏ ကမကထပြုမှုဖြင့် ပေါ်ပေါက်လာသော ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရမှုဆိုင်ရာ လမ်းညွှန်အခြေခံမူများသည် ပြည်တွင်း၌နေရပ် စွန့်ခွာ ရွှေ့ပြောင်းနေရသူများ၏ ကာကွယ်စောင့်ရှောက်မှုနှင့် ကူညီထောက်ပံ့မှု လိုအပ် ချက်များအတွက် ကိုယ်စားပြုထောက်ခံ အားပေးခြင်းနှင့် စောင့်ကြည့် လေ့လာခြင်းဆိုင်ရာ အခြေခံဘောင်ကို ဖြည့်ဆည်းပေးသဖြင့် ဤကိစ္စရပ်နှင့် စပ်လျဉ်းသည့် အလွန်အရေး ပါသော နည်းစနစ်ဖြစ်သည်။

ဤစာအုပ်ငယ်ကို တင်ပြရသည့်အတွက် ကျွန်ုပ်ကျေနပ်မိပါသည်။ လူသားချင်း စာနာမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသူများ အားလုံးကိုလည်း ဤစာအုပ်ငယ်က လက်တွေ့ အထောက်အကူပြုလိမ့်မည်ဟု ယုံကြည်ပါသည်။

၂၀၀၄ ခုနှစ် စက်တင်ဘာလ

## အမှတ်ရအောက်မေ့သောအားဖြင့်
## လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဒုတိယအထွေထွေ
## အတွင်းရေးမှူးချုပ် Mr. Sergio Vieira de Mello ၏
## လမ်းညွှန်အခြေခံမူများအတွက်အမှာစကား

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အသိုင်းအဝန်းသည် ကမ္ဘာအနှံ့ရှိ လူသားသန်း ၂၀ကျော်အပေါ် သက်ရောက်နေသည့် ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရမှုပြဿနာအား ပိုမို၍သတိပြုမိလာကြပြီ ဖြစ်ပါသည်။ ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများ (**I**nternally **D**isplaced **P**ersons) အား ကာကွယ်စောင့်ရှောက်ရန် အမျိုးသားအဆင့် အစိုးရများနှင့် ဒေသန္တရဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများအပေါ် ဦးစွာပထမ တာဝန်ကျရောက်သော်လည်း အပြည်ပြည်ဆိုင်ရာ အသိုင်းအဝန်းအနေဖြင့် ပဋိပက္ခနှင့် ဘေးဒုက္ခအကြပ်အတည်း အခြေအနေအတွင်း ကျရောက်နေသော ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများအား ကာကွယ်စောင့်ရှောက်မှု မြှင့်တင်ရေးတွင် မိမိတို့မည်ကဲ့သို့ အကောင်းဆုံး ဖြည့်ဆည်းဆောင်ရွက် ပေးနိုင်မည်ဖြစ်ကြောင်းကို စူးစမ်းရန် အလွန်အရေးကြီးပါသည်။ ကျွန်ုပ်တို့ အနေဖြင့်လည်း ထိုပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများအား ကာကွယ်စောင့်ရှောက်ရေးကို တိုးမြှင့်လုပ်ဆောင်နိုင်မည့် နည်းလမ်းဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့ပေးရေးကို စီမံရေးဆွဲကြရပါမည်။

ကမ္ဘာ့ကုလသမဂ္ဂစနစ်အတွင်း ပြည်တွင်း၌နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများ၏ လိုအပ်ချက်များအား အချိန်နှင့် တပြေးညီ ထိရောက်စွာ တုံ့ပြန်ဆောင်ရွက် ပေးနိုင်ရေးကို တိုးမြှင့်နိုင်ရန်အတွက် သိသာထင်ရှားသော ဆောင်ရွက်ချက်များကို လုပ်ဆောင်ခဲ့ကြပြီးဖြစ်သည်။ အဖွဲ့အစည်း အချင်းချင်းဆိုင်ရာ အမြဲတမ်းကော်မတီ (**I**nter-**A**gency **S**tanding **C**ommittee - IASC)ကလည်း ပြည်တွင်း၌ နေရပ်စွန့်ခွာရွှေ့ပြောင်း နေရသူများ၏ အရေးကိစ္စများနှင့် စပ်လျဉ်း၍ ကမ္ဘာ့ကုလသမဂ္ဂစနစ်အတွင်းတွင် အဓိက ဆက်သွယ်ဆောင်ရွက်ရမည့် ပုဂ္ဂိုလ်အဖြစ်ဆောင်ရွက်ရန် ကျွန်ုပ်အား ယုံကြည်စွာ တာဝန်ပေးအပ်ခဲ့ပါသည်။

ဤသို့ပေးအပ်လာသည့် လုပ်ပိုင်ခွင့်ကို အကောင်အထည်ဖော်ရာတွင်၊ ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများ၏ အခြေအနေများကို တုံ့ပြန်ဆောင်ရွက်ရာတွင် လည်းကောင်း၊ အဖွဲ့ အစည်း အသီးသီးအလိုက် တာဝန်ယူမှုအပိုင်းများ ပိုမိုရှင်းလင်းပြတ်သားစေရန်နှင့် အဖွဲ့အစည်းအချင်းချင်း ညှိနှိုင်းပေါင်းစပ် လုပ်ဆောင်မှုများ ပိုမိုအားကောင်းစေရာတွင် လည်းကောင်း၊ လုပ်ငန်းများ ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများအား လုံလောက်သော ပံ့ပိုးမှုပေးရာတွင် လည်းကောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးတစ်ရပ်လုံး၏ စွမ်းဆောင်နိုင်မှုကို တိုးမြှင့်ရန် ကျွန်ုပ်မှ အလေးအနက် တာဝန်ခံယူပါသည်။



ဤအခြေအနေတွင် အထွေထွေအတွင်းရေးမှူးချုပ်၏ ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများဆိုင်ရာ အထူးကိုယ်စားလှယ်က ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရမှုဆိုင်ရာ လမ်းညွှန်အခြေခံမူများ ထုတ်ပြန်ခြင်းကို ကျွန်ုပ် ကြိုဆိုပါသည်။ တည်ရှိဆဲအပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှု ဥပဒေနှင့် လူ့အခွင့်အရေးများဆိုင်ရာ သဘောတူ စာချုပ်စာတမ်းများကို အခြေခံသည့် ဤအခြေခံမူများသည် အစိုးရများသာမက အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာ ထောက်ထားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်းများက ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများအား ကူညီထောက်ပံ့မှုနှင့် ကာကွယ်စောင့်ရှောက်မှုများကို ပေးရာတွင် လမ်းညွှန်မှုပေးသော အပြည်ပြည်ဆိုင်ရာ စံနှုန်းများဖြစ်ကြပါသည်။

IASC သည် ဤအခြေခံမူများကို အပြည့်အဝ ထောက်ခံသည့်အပြင် ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများအတွက် ဆောင်ရွက်ပေးနေသော လုပ်ငန်းများတွင် ဤအခြေခံမူများကို လက်တွေ့အသုံးချကြောင်း သေချာစေရန် IASC အဖွဲ့ဝင်များအား ၎င်းတို့၏ အလုပ်အမှုဆောင်အဖွဲ့များနှင့် ဝန်ထမ်းများ၊ အထူးသဖြင့် ကွင်းဆင်းဝန်ထမ်းများသို့ အဆိုပါအခြေခံမူများကို မျှဝေပေးရန် တိုက်တွန်းအားပေးလျက်ရှိပါသည်။

ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများ၏ လိုအပ်ချက်များကို သိရှိနားလည်မှု မြှင့်တင်ရာတွင်လည်းကောင်း၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လူ့အဖွဲ့အစည်းအတွင်း ဆော်ဩစည်းရုံးရာတွင်လည်းကောင်း၊ ပြည်တွင်း၌ နေရပ်စွန့်ခွာရွှေ့ပြောင်းနေရမှု၏ ကာကွယ်စောင့်ရှောက်ခြင်းနှင့် ကူညီထောက်ပံ့ခြင်း လိုအပ်ချက်များ နှင့်ရင်ဆိုင်ရသည့်အခါ အဖြေရှာရန်အတွက် ကွင်းဆင်းဝန်ထမ်းများအား ကူညီပေးရာတွင်လည်းကောင်း ဤလမ်းညွှန် အခြေခံမူများသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နိုင်မည်ဟု ကျွန်ုပ်ယုံကြည်မိပါသည်။ ဤအခြေခံမူများသည် အစိုးရများအား ယင်းတို့၏ ပြည်တွင်း၌ နေရပ်စွန့်ခွာရွှေ့ပြောင်းခံရသော ပြည်သူများ၏ လုံခြုံရေးနှင့် ကောင်းကျိုးချမ်းသာကို ဖြည့်ဆည်းဆောင်ရွက်ပေးရာတွင်လည်း အထောက်အကူပြုမည် ဖြစ်ပါသည်။

ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများ၏ အဆင့်အခြေအနေနှင့် ပြုစုစောင့်ရှောက်မှုတို့တွင် များစွာလိုအပ်လျက်ရှိသော တိုးတက်မှုကိုရရှိစေရန် ဤလမ်းညွှန်အခြေခံမူများကို မိမိတို့တတ်နိုင်သမျှ ဖြန့်ဖြူးခြင်းနှင့် အသုံးချဆောင်ရွက်ခြင်းတို့ကို သေချာမှုရှိစေရန်အတွက် တစ်ဦးချင်းစီမှ လုပ်ဆောင်သွားကြလိမ့်မည်ဟု ကျွန်ုပ်မျှော်လင့် မိပါသည်။

၂၀၀၁ ခုနှစ် ဇွန်လ

---

* *Mr. Sergio Vieira deMello သည် အီရတ်နိုင်ငံဆိုင်ရာ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၎င်းနှင့်အခြား ကမ္ဘာ့ကုလသမဂ္ဂဝန်ထမ်း ၂၁ ဦးတို့သည် ၂၀၀၃ခုနှစ် ဩဂုတ်လ ၁၉ရက်နေ့တွင် ဗုံးပေါက်ကွဲမှုတစ်ခု၌ အသက်ပေးခဲ့ကြရသည်။*

***အထွေထွေအတွင်းရေးမှူးချုပ်၏***

***ပြည်တွင်း၌နေရပ်စွန့်ခွာရွှေ့ပြောင်းနေရသူများဆိုင်ရာ***

***ကိုယ်စားလှယ်ဖြစ်သူ Mr. Francis M. Deng* ၏မိတ်ဆက်စာလွှာ***

အပြည်ပြည်ဆိုင်ရာ အသိုင်းအဝန်းသည် အကြမ်းဖက် ပဋိပက္ခများကြောင့်လည်းကောင်း၊ လူ့အခွင့်အရေးများကို ကြီးမားစွာ ချိုးဖောက်ခံရခြင်းကြောင့်လည်းကောင်း၊ အခြားသော အလွန်ဆိုးရွားသည့် ဒုက္ခသုက္ခရောက်ရသော အဖြစ်အပျက်များကြောင့်လည်းကောင်း၊ မိမိတို့၏နေရပ်မှ အဓမ္မစွန့်ခွာ ရွှေ့ပြောင်းခြင်းခံရသော်လည်း မိမိတို့၏ နိုင်ငံနယ်နိမိတ်အတွင်း၌ပင် ရှိနေသေးသော သူတို့အား ကာကွယ်စောင့်ရှောက်မှုပေးကြောင်း သေချာမှုရှိစေရန် အလွန်ကြီးမားသည့် တာဝန်နှင့် ရင်ဆိုင်ကြုံတွေ့ နေကြရပါသည်။ ထိုသူများသည် အလွန်အမင်း ဆင်းရဲချို့ငဲ့ခြင်း၊ ခက်ခဲခြင်းနှင့် ခွဲခြား ဆက်ဆံခံရခြင်းတို့ကို အမြဲတမ်းလိုလို ခံစားနေကြရပါသည်။ ဤစိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန်အတွက် ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရမှုဆိုင်ရာ လမ်းညွှန်အခြေခံမူများ ပေါ်ထွန်းလာရခြင်း ဖြစ်သည်။

ဤလမ်းညွှန်အခြေခံမူများသည် ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းမှုနှင့် ဆိုင်သော အဆင့်အားလုံးတွင် ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများအား ကာကွယ်စောင့်ရှောက်ပေးခြင်းနှင့် စပ်လျဉ်းသော အခွင့်အရေးများနှင့် အာမခံချက်များကို ဖော်ထုတ်သတ်မှတ်ပေးပါသည်။ ဤအခြေခံမူများက မတရားသဖြင့် တစ်ဖက်သတ် နေရပ်စွန့်ခွာ ရွှေ့ပြောင်းစေမှုမှ ကာကွယ်စောင့်ရှောက်ပေးခြင်း၊ နေရပ်စွန့်ခွာ ရွှေ့ပြောင်းစဉ်ကာလ အတွင်း ကာကွယ်စောင့်ရှောက်ခြင်းနှင့် ကူညီထောက်ပံ့ခြင်းဆိုင်ရာ အခြေခံအချက်များကို ပေးအပ်ခြင်း၊ ဘေးကင်းစွာ ဌာနေပြန်နိုင်ရန် ပြန်လည်နေရာ ချထားပေးနိုင်ရန်နှင့် ပြန်လည်ပေါင်းစည်း ဝင်ဆံ့စေရန်တို့အတွက် အာမခံချက်များကို ချမှတ်ခြင်းစသည်တို့ကို ပြဌာန်းထားပါသည်။ ဤအခြေခံမူများသည် စည်းနှောင်အားရှိသော စာချုပ်စာတမ်း မဟုတ်သော်လည်း ယင်းတို့သည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးများနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဥပဒေနှင့် ဒုက္ခသည်များဆိုင်ရာ အလားတူဥပဒေတို့ကို ထင်ဟပ်သည့်အပြင် ကိုက်ညီမှုလည်းရှိပါသည်။

လူ့အခွင့်အရေးဆိုင်ရာ ကော်မရှင်က ကျွန်ုပ်အား ၁၉၉၂ခုနှစ်က အပ်နှင်းသော လုပ်ပိုင်ခွင့်နှင့် အဆိုပါကော်မရှင်နှင့် အထွေထွေညီလာခံတို့၏ နောက်ပိုင်းဆုံးဖြတ်ချက်များအရ ထပ်မံအားဖြည့်ပေးသော လုပ်ပိုင်ခွင့်အရ နှစ်ပေါင်းအတန်ကြာပြီးနောက် ဤအခြေခံမူများ ပေါ်ထွန်းလာခဲ့ရခြင်း ဖြစ်သည်။



ရှေးဦးစွာ ကျွန်ုပ်အား ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရမှု ပေါ်ပေါက်ရသည့် အကြောင်းရင်းနှင့် နောက်ဆက်တွဲ အကျိုးဆက်များ၊ အပြည်ပြည်ဆိုင်ရာဥပဒေတွင် ပြည်တွင်း၌ နေရပ်စွန့်ခွာရွှေ့ပြောင်း နေရသူများ၏ အဆင့်အခြေအနေ၊ လက်ရှိအဖွဲ့အစည်းများ၏ စီစဉ်ဆောင်ရွက်မှုများအရ ယင်းတို့၏ လိုအပ်ချက်များကို မည်သည့်အတိုင်းအတာအထိ ကိုင်တွယ်ဖြေရှင်း ပေးလျက်ရှိကြောင်းနှင့် ယင်းတို့အား ကာကွယ်စောင့်ရှောက်ခြင်းနှင့် ကူညီထောက်ပံ့ခြင်းတို့ကို ပိုမိုမြှင့်တင်နိုင်သော နည်းလမ်းများကို လေ့လာသုံးသပ်စေခဲ့ပါသည်။

ဤသို့ဖြင့် ပြည်တွင်း၌နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများအတွက် လိုအပ်လျက်ရှိသော ဥပဒေရေးရာနှင့် အဖွဲ့အစည်းဆိုင်ရာ အခြေခံမူဘောင်များ ဖြစ်ထွန်းစေရန်နှင့် ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများ၏ကိုယ်စား အစိုးရများ အခြားသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်ရန်အတွက် နိုင်ငံများသို့ အထူးကိုယ်စားလှယ်အဖြစ် သွားရောက်ရန် တာဝန်ရယူခြင်းတို့သည် ကျွန်ုပ်အားလွှဲအပ်သည့် လုပ်ပိုင်ခွင့်၏ အဓိကဆောင်ရွက်ချက်များ ဖြစ်လာပါသည်။ နိုင်ငံတကာရှိ ဥပဒေ ကျွမ်းကျင်သူများ ပါဝင်သော အဖွဲ့တစ်ဖွဲ့နှင့်ပူးပေါင်း၍ ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများသည် အပြည်ပြည်ဆိုင်ရာ ဥပဒေအရ မည်သည့်အတိုင်းအတာအထိ လုံလောက်သော အကျုံးဝင်မှု ရရှိနေကြောင်းကို ကျွန်ုပ်လေ့လာဆန်းစစ်ခဲ့ပြီး "ဥပဒေစံများကိုစုစည်းခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း" (E/CN.4/1996/52/Add.2) ကိုထုတ်ဝေခဲ့ပါသည်။ ဤလေ့လာချက်အရ တည်ရှိဆဲ ဥပဒေက ပြည်တွင်း၌နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများအတွက် ပြည့်ဝခိုင်မာစွာခြုံငုံမိအောင် ပြဌာန်းထားပါလျက် ကာကွယ်စောင့်ရှောက်ရေးနှင့် ကူညီထောက်ပံ့ရေးအတွက် လုံလောက်သော အခြေခံကို ပြဌာန်းပေးရန် ပျက်ကွက်သော ပေါ်လွင်ထင်ရှားသည့် နယ်ပယ်များရှိနေကြောင်းကို တွေ့ရှိခဲ့ရပါသည်။ အကျိုးဆက်အားဖြင့် ကော်မရှင်နှင့် အထွေထွေညီလာခံက ကျွန်ုပ်အား ပြည်တွင်း၌နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများနှင့် ပတ်သက်၍ ဆီလျော်သော စံအဖြစ်အသုံးပြုနိုင်သည့် အခြေခံမူဘောင်ကို ရေးဆွဲရန် မေတ္တာရပ်ခံ တောင်းဆိုလာပါသည်။ ဤအချက်က တည်ရှိဆဲစံများကို ပြန်လည်ဖော်ပြစေခြင်း၊ မရှင်းလင်းသော ကဏ္ဍများကို ရှင်းလင်းပြတ်သား လာစေရန်ရှာဖွေခြင်းနှင့် ဟာကွက်များကို ဖြည့်စွက်ခြင်းတို့ဖြင့် ဤလမ်းညွှန်အခြေခံမူများအား မူကြမ်းပြုစုခြင်းသို့ ဦးတည်စေခဲ့ပါသည်။

၁၉၉၈ ခုနှစ်တွင် ဤလမ်းညွှန်အခြေခံများကို ကော်မရှင်သို့ ကျွန်ုပ်တင်ပြပြီး သည့်နောက် ကော်မရှင်သည် ဤလမ်းညွှန် အခြေခံမူများနှင့်တကွ အစိုးရများနှင့် ပြည်တွင်း၌နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများ၏ လိုအပ်ချက်များနှင့်စပ်လျဉ်း၍ လုပ်ပိုင်ခွင့်များအရ သော်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်ချက်များအရသော်လည်းကောင်း သက်ဆိုင် ဆက်နွယ်နေသူ အားလုံးနှင့် ဆောင်ရွက်ဆဲဖြစ်သော တွေ့ဆုံဆွေးနွေးပွဲများတွင် အထွေထွေ အတွင်းရေးမှူးချုပ်၏ ကိုယ်စားလှယ်အနေဖြင့် ဤလမ်းညွှန် အခြေခံမူများကို အသုံးပြုရန် တင်ပြသော ကျွန်ုပ်၏ရည်ရွယ်ချက်ကို ဂရုပြုမှတ်သား၍ ဆုံးဖြတ်ချက်တစ်ခုကို ချမှတ် ခဲ့ပါသည်။ ဤလမ်းညွှန် အခြေခံမူများကိုကြိုဆို၍ ယင်း၏အဖွဲ့ဝင်များအားလည်း မိမိတို့၏ အလုပ်အမှုဆောင် အဖွဲ့များ၊ ဝန်ထမ်းများ၊ အထူးသဖြင့် ကွင်းဆင်းဆောင်ရွက် နေသူ များအား ဤအခြေခံမူများကို မျှဝေရန်နှင့် ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရ သူများအတွက် ယင်းတို့ဆောင်ရွက်သော လုပ်ငန်းများတွင် အသုံးပြုရန် တိုက်တွန်းသော IASC ၏ ဆုံးဖြတ်ချက်ကိုလည်း ကော်မရှင်က ဂရုပြုမှတ်သားခဲ့ပါသည်။

ဤလမ်းညွှန်အခြေခံမူများသည် အစိုးရများ၊ အခြားသော လုပ်ပိုင်ခွင့်အပ်နှင်းခြင်း ခံရသည့်အာဏာပိုင်များ၊ အစိုးရအချင်းချင်းဆိုင်ရာ အဖွဲ့အစည်းများနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်း များအား ပြည်တွင်း၌နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများနှင့် ပတ်သက်သည့် ယင်းတို့၏ လုပ်ဆောင်မှုများအတွက် အဖိုးတန်၍ လက်တွေ့ကျသော လမ်းညွှန်မှုကို ပေးအပ်သင့်ပါသည်။ ဤလမ်းညွှန် အခြေခံမူများကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေကာ လုပ်ငန်းခွင်အတွင်း လက်တွေ့အသုံးချနိုင်မှုကို ပေးအပ်လိမ့်မည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။

၂၀၀၁ ခုနှစ် ဇွန်လ

---

* *ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးများဆိုင်ရာ ကော်မရှင်၏တောင်းဆိုချက်အရ ၂၀၀၄ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် အထွေထွေအတွင်းရေးမှူးချုပ် Kofi Annan သည် Professor Walter Kalin အား ပြည်တွင်း၌နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများ၏ လူ့အခွင့်အရေးဆိုင်ရာ ၎င်း၏ကိုယ်စားလှယ်အဖြစ်ခန့်အပ်ခဲ့ပါသည်။ ၁၉၉၂ခုနှစ်မှ ယင်း၏လုပ်ပိုင်ခွင့်ကုန်ဆုံးသော ၂၀၀၄ခုနှစ် ဇူလိုင်လအထိ အထွေထွေအတွင်းရေးမှူးချုပ်၏ ပြည်တွင်း၌နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများဆိုင်ရာ ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်း ဆောင်ခဲ့သော Francis M.Deng ၏နေရာတွင် Mr. Kalin အား အစားထိုးခန့်ထားခဲ့ခြင်းဖြစ်သည်။*



# ပြည်တွင်း၌နေရပ်စွန့်ခွာရွှေ့ပြောင်းနေရမှုဆိုင်ရာ လမ်းညွှန်အခြေခံမူများ

## နိဒါန်း - အကျုံးဝင်မှုနှင့်ရည်ရွယ်ချက်

(၁) ဤလမ်းညွှန် အခြေခံမူများသည် ကမ္ဘာတစ်ဝန်းရှိ ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများ၏ သီးခြားလိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းပေးရန် ဦးတည် ပါသည်။ ဤအခြေခံမူများက လူများအား အတင်းအကြပ် နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင် စေခြင်းမှ အကာအကွယ်ပေးခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ထိုသို့ ရွှေ့ပြောင်း နေထိုင်မှု ပြုလုပ်နေစဉ် ကာလအတွင်း၌ သာမက ဌာနေပြန်ခြင်း သို့မဟုတ် ပြန်လည်နေရာချထား ပေးခြင်းနှင့် ပြန်လည်ဝင်ဆံ့ ပေါင်းစည်းပေးခြင်း ကာလအတွင်း၌ပါ ယင်းတို့အားကာကွယ် စောင့်ရှောက်ပေးခြင်းနှင့် ကူညီထောက်ပံ့ခြင်းတို့နှင့် စပ်လျဉ်း၍လည်းကောင်း အခွင့် အရေးနှင့် အာမခံချက်များကို ဖော်ထုတ်သတ်မှတ်ပေးပါသည်။

(၂) ဤအခြေခံမူများ၏ ရည်ရွယ်ချက်များအလို့ငှာ ပြည်တွင်း၌ နေရပ်စွန့်ခွာရွှေ့ပြောင်း နေရသူများဆိုသည်မှာ - အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခ၊ အထွေထွေ အကြမ်းဖက်မှု အခြေအနေများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများ သို့မဟုတ် သဘာဝ သို့မဟုတ် လူတို့ ဖန်တီးသော ဘေးအန္တရာယ်များကြောင့်ဖြစ်စေ၊ အဆိုပါ အကျိုးဆက်များကို ရှောင်ရှားရန် အတွက်ဖြစ်စေ၊ ယင်းတို့၏နေအိမ်များ သို့မဟုတ် အစဉ်အလာအရ အမြဲနေထိုင်သည့် နေရာများကို အတင်းအကြပ် သို့မဟုတ် မလွှဲမရှောင်သာဘဲစွန့်ခွာ သို့မဟုတ် တိမ်းရှောင် ထွက်ပြေးရပြီး နိုင်ငံတကာက အသိအမှတ်ပြုထားသော နိုင်ငံနယ်နိမိတ်ကို မဖြတ်ကျော် သော လူပုဂ္ဂိုလ်များ သို့မဟုတ် လူပုဂ္ဂိုလ် အုပ်စုများပင်ဖြစ်ပါသည်။

(၃) ဤအခြေခံမူများသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် အပြည် ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားရေး ဥပဒေများကို ထင်ဟပ်စေသည့်အပြင် ကိုက်ညီမှုလည်း ရှိပါသည်။ အဆိုပါအခြေခံမူများသည်

(က) အထွေထွေအတွင်းရေးမှူးချုပ်၏ ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်း နေရသူများဆိုင်ရာ ကိုယ်စားလှယ်က မိမိ၏လုပ်ပိုင်ခွင့်ကို အကောင်အထည် ဖော်ဆောင် ရွက်ရာတွင် လည်းကောင်း၊

(ခ) နိုင်ငံများသည် ပြည်တွင်း နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရမှုဟူသော ဖြစ်စဉ် နှင့် ရင်ဆိုင်ရသောအခါတွင်လည်းကောင်း၊

(ဂ) အခြားသော အာဏာပိုင်များ၊ အဖွဲ့များနှင့် လူပုဂ္ဂိုလ်များအားလုံးအနေဖြင့် *ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများနှင့်* ဆက်ဆံဆောင်ရွက်ရာတွင်လည်းကောင်း၊

(ဃ) အစိုးရအချင်းချင်းဆိုင်ရာနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက ပြည်တွင်း၌နေရပ် စွန့်ခွာရွှေ့ပြောင်းခြင်းကို ကိုင်တွယ်ဖြေရှင်းရာတွင် လည်းကောင်း လမ်းညွှန်မှုပေးပါသည်။

(၄) ဤလမ်းညွှန်အခြေခံမူများကို ဖြစ်နိုင်သမျှ ကျယ်ပြန့်စွာဖြန့်ဝေကာ လိုက်နာကျင့်သုံးသင့်ပါသည်။

## အပိုင်း ၁။ ယေဘုယျအခြေခံမူများ

### အခြေခံမူ ၁

(၁) ပြည်တွင်း၌နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများသည် မိမိနိုင်ငံတွင်းရှိ အခြားသူများနည်းတူ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် ပြည်တွင်းဥပဒေတို့အရ တူညီသောအခွင့်အရေးနှင့် လွပ်လပ်ခွင့်များကို အပြည့်အဝတန်းတူညီမျှစွာ ခံစားပိုင်ခွင့် ရှိစေရမည်။ ယင်းတို့သည် ပြည်တွင်း၌ နေရပ်စွန့်ခွာရွှေ့ပြောင်း နေရသည်ဟူသော အကြောင်းကြောင့် မည်သည့်အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကိုမဆို ခံစားရာ၌ ခွဲခြားဆက်ဆံခံရခြင်း မရှိစေရ။

(၂) ဤအခြေခံမူများသည် အပြည်ပြည်ဆိုင်ရာ ဥပဒေအရ လူတစ်ဦးချင်းစီ၏ ပြစ်မှုဆိုင်ရာ တာဝန်ရှိမှု အထူးသဖြင့် လူအစုလိုက်အပြုံလိုက် သတ်ဖြတ်မှု၊ လူသားများအား ဆန့်ကျင်ကျူးလွန်သော ပြစ်မှုများနှင့် စစ်ရာဇဝတ်မှုတို့အပေါ် အကျိုးသက်ရောက်ခြင်း မရှိစေရ။

### အခြေခံမူ ၂

(၁) ဤအခြေခံမူများကို အာဏာပိုင်များ၊ အစုအဖွဲ့နှင့်ပုဂ္ဂိုလ်များ အားလုံးတို့က ယင်းတို့၏ဥပဒေဆိုင်ရာ အဆင့်အတန်းနှင့် သက်ဆိုင်ခြင်းမရှိစေဘဲ လိုက်နာရမည်ဖြစ်သလို ဆန့်ကျင်သော ကွဲလွဲမှုတစ်စုံတစ်ရာ မရှိစေဘဲ လိုက်နာကျင့်သုံးရမည်။ ဤအခြေခံမူများကို လိုက်နာကျင့်သုံးခြင်းကြောင့် ပါဝင်ပတ်သက်သော မည်သည့်အာဏာပိုင်၊ အစုအဖွဲ့နှင့် ပုဂ္ဂိုလ်များ၏ ဥပဒေဆိုင်ရာ အဆင့်အတန်းအပေါ် အကျိုးသက်ရောက်ခြင်း မရှိစေရ။



(၂) ဤအခြေခံမူများကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သို့မဟုတ် အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှု ဥပဒေဆိုင်ရာစာချုပ်စာတမ်း တစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များ သို့မဟုတ် ပြည်တွင်းဥပဒေအရ လူပုဂ္ဂိုလ်များအား ပေးအပ်ထားသည့် အခွင့်အရေးများကို ကန့်သတ်စေသည်၊ ပြောင်းလဲစေသည် သို့မဟုတ် ထိခိုက်စေသည်ဟူ၍အဓိပ္ပာယ်ဖွင့်ဆိုခြင်း မပြုရ။ အထူးသဖြင့် ဤအခြေခံမူများသည် အခြားနိုင်ငံများတွင် ခိုလှုံခွင့် တောင်းဆိုခံစားပိုင်ခွင့်အပေါ် ထိခိုက်ခြင်းမရှိစေရ။

### အခြေခံမူ ၃

(၁) အမျိုးသားအဆင့် အာဏာပိုင်များသည် ယင်းတို့၏ စီရင်ပိုင်ခွင့်အတွင်းရှိ ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများအပေါ် ကာကွယ်စောင့်ရှောက်ရန်နှင့် လူသားချင်း စာနာထောက်ထားသော အကူအညီပေးရန် အခြေခံကျသော တာဝန်နှင့် ဝတ္တရားရှိပါသည်။

(၂) ပြည်တွင်း၌နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများသည် အဆိုပါအာဏာပိုင်များထံမှ ကာကွယ်စောင့်ရှောက်မှု လူသားချင်း စာနာထောက်ထားသော အကူအညီပေးရန် တောင်းဆိုနိုင်သည့် အခွင့်အရေးနှင့် ရရှိခံစားပိုင်ခွင့်တို့ရှိပါသည်။ ယင်းတို့ကို အဆိုပါ တောင်းဆိုချက်ကိုပြုလုပ်သည့်အတွက် နှိပ်ကွပ်ခြင်း သို့မဟုတ် အပြစ်ပေးခြင်း မရှိစေရ။

### အခြေခံမူ ၄

(၁) ဤအခြေခံမူများကို လူမျိုး၊ အသားအရောင်၊ အမျိုးသား၊ အမျိုးသမီး၊ ဘာသာစကား၊ ကိုးကွယ်သည့် ဘာသာ သို့မဟုတ် ယုံကြည်မှု၊ နိုင်ငံရေး သို့မဟုတ် အခြားအယူအဆ၊ နိုင်ငံသား၊ လူမျိုး နွယ်စု သို့မဟုတ် လူမှုရေးဇစ်မြစ်၊ ဥပဒေ သို့မဟုတ် လူမှုရေး အဆင့်အတန်း၊ အသက်၊ မသန်စွမ်းမှု၊ ပစ္စည်းဥစ္စာ၊ မွေးဖွားခြင်း သို့မဟုတ် အခြားမည်သည့် အလားတူ စံများ အစရှိသည့် မည်သည့်အမျိုးအစားနှင့်မျှ ခွဲခြားခြင်းမရှိစေဘဲ လိုက်နာကျင့်သုံးရမည်။

(၂) ကလေးသူငယ်များ၊ အထူးသဖြင့် မိဘအုပ်ထိန်းသူ မပါရှိသော အရွယ်မရောက်သေးသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးငယ်များရှိသော မိခင်များ၊ အမျိုးသမီးအိမ်ထောင်ဦးစီးများ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ စသည့် အချို့သော

ပြည်တွင်း၌ နေရပ်စွန့်ခွာရွှေ့ပြောင်း နေရသူများသည် ယင်းတို့၏ အခြေအနေအရ လိုအပ်သော ကာကွယ်စောင့်ရှောက်မှုနှင့် ကူညီစောင့်ရှောက်မှုတို့ကို ခံစားပိုင်ခွင့်ရှိသည့် အပြင် ယင်းတို့၏ အထူးလိုအပ်ချက်တို့ကို ထည့်သွင်းစဉ်းစားကာ ပြုစုစောင့်ရှောက် မှုတို့ကို ခံစားပိုင်ခွင့် ရှိစေရမည်။

## အပိုင်း ၂။
## နေရပ်စွန့်ခွာရွှေ့ပြောင်းနေရမှုမှကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အခြေခံမူများ

### အခြေခံမူ ၅

လူပုဂ္ဂိုလ်များ၏ နေရပ်စွန့်ခွာ ရွှေ့ပြောင်းရမှု ဖြစ်သွားစေနိုင်သည့် အခြေအနေများကို ကြိုတင်ကာကွယ်နိုင်ရန်နှင့် ရှောင်ရှားနိုင်ရန် လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဥပဒေ အပါအဝင် အပြည်ပြည်ဆိုင်ရာ ဥပဒေအရ ယင်းတို့၏တာဝန်ဝတ္တရားများကို အာဏာပိုင်များနှင့် အပြည်ပြည်ဆိုင်ရာပိုင်းမှ ပါဝင်ဆောင်ရွက်သူများအားလုံးက မည်သည့်ပတ်ဝန်းကျင် အကြောင်းချင်းရာမျိုးတွင်မဆို လေးစားရန်နှင့် လေးစားလိုက်နာမှုရှိကြောင်း သေချာစေရမည်။

### အခြေခံမူ ၆

(၁) လူသားတိုင်းသည် သူ သို့မဟုတ် သူမ၏နေအိမ် သို့မဟုတ် အစဉ်အလာအရ အမြဲနေထိုင်သည့် နေရာမှ မတရားသဖြင့် ဆင်ခြင်ကင်းမဲ့စွာ နေရပ်စွန့်ခွာရွှေ့ပြောင်း ခံရခြင်းမှ ကာကွယ်စောင့်ရှောက်မှု ခံရသည့်အခွင့်အရေးကို ရရှိစေရမည်။
(၂) မတရားသဖြင့် တစ်ဖက်သတ် နေရပ်စွန့်ခွာရွှေ့ပြောင်းခြင်းကို တားမြစ်ခြင်းတွင် အောက်ပါ တို့ပါဝင်သည်။

(က) အကျိုးစီးပွားထိခိုက်ခံရသောလူထု၏ မျိုးနွယ်စု၊ ဘာသာရေး သို့မဟုတ် လူမျိုးရေး ပေါင်းစည်းဖွဲ့စည်းမှုပြောင်းလဲခြင်းကို ဦးတည်ရန် နှင့်/သို့မဟုတ် အကျိုးရလဒ်ဖြစ်စေရန် အသားအရောင်ခွဲခြားမှု သို့မဟုတ် “လူမျိုးတုံးသတ်ဖြတ်မှု” သို့မဟုတ် အလားတူကျင့်သုံးဆောင်ရွက်မှုများဆိုင်ရာ မူဝါဒကို အခြေခံသော နေရပ်စွန့်ခွာ ရွှေ့ပြောင်းရမှု၊

(ခ) အများပြည်သူ၏ လုံခြုံရေးပါဝင်ပတ်သက်ခြင်း သို့မဟုတ် အရေးကြီးသော စစ်ဘက်ဆိုင်ရာ အကြောင်းရင်း လိုအပ်ချက်အရ တောင်းဆိုခြင်း မဟုတ်သော လက်နက်ကိုင် ပဋိပက္ခဖြစ်မှု အခြေအနေမျိုးတွင် နေရပ်စွန့်ခွာရွှေ့ပြောင်းရမှု၊



(ဂ) အများပြည်သူ၏ အကျိုးစီးပွားကိုလျစ်လျူရှု၍ အတင်းအကျပ် ဖော်ဆောင်သော တရားမျှတမှုမရှိသည့် အကြီးစားဖွံ့ဖြိုးရေး စီမံကိန်းဆိုင်ရာ ကိစ္စမျိုးတွင် နေရပ်စွန့်ခွာရွှေ့ပြောင်းရမှု၊

(ဃ) သဘာဝဘေးအန္တရာယ် ပေါ်ပေါက်သည့် ကိစ္စမျိုးတွင် အကျိုးစီးပွားထိခိုက်ခံရသောသူများ၏ လုံခြုံရေးနှင့်ကျန်းမာရေးအတွက် ဘေးကင်းရာသို့ ရွှေ့ပြောင်းရန် လိုအပ်ခြင်း မရှိပါဘဲလျက် နေရပ်စွန့်ခွာရွှေ့ပြောင်းရမှု၊

(င) စုပေါင်းပြစ်ဒဏ်ပေးခြင်းအဖြစ် နေရပ်စွန့်ခွာ ရွှေ့ပြောင်းခြင်းကို အသုံးချသည့်အနေဖြင့် နေရပ်စွန့်ခွာရွှေ့ပြောင်းရမှု။

(၃) နေရပ်စွန့်ခွာရွှေ့ပြောင်းခြင်းသည် ပတ်ဝန်းကျင် အကြောင်းအချင်းအရာများအရ လိုအပ်သည်ထက် ပိုမိုကြာရှည်ခြင်းမရှိစေရ။

### အခြေခံမူ ၇

(၁) လူပုဂ္ဂိုလ်များကို နေရပ်စွန့်ခွာရွှေ့ပြောင်းခြင်း ပြုလုပ်ရန်လိုအပ်သည့် ဆုံးဖြတ်ချက်တစ်စုံတစ်ရာ မချမှတ်မီ၊ သက်ဆိုင်ရာ အာဏာပိုင်များသည် နေရပ်စွန့်ခွာ ရွှေ့ပြောင်းခြင်းကို လုံးဝရှောင်ရှားနိုင်ရန် ဖြစ်နိုင်ခြေရှိသော အခြားရွေးချယ်စရာ နည်းလမ်းများအားလုံးကို ရှာဖွေခဲ့ပြီးဖြစ်ကြောင်း သေချာအောင် ပြုလုပ်ရမည်။ အခြားရွေးချယ်စရာနည်းလမ်းမရှိပါက၊ နေရပ်စွန့်ခွာ ရွှေ့ပြောင်းခြင်းနှင့် ယင်း၏ ဆန့်ကျင်အကျိုး သက်ရောက်မှုကို နည်းနိုင်သမျှ နည်းစေရန် အလုံးစုံသော အရေးယူဆောင်ရွက်မှုကို ပြုလုပ်ရမည်။
(၂) ထိုကဲ့သို့သော နေရပ်စွန့်ခွာရွှေ့ပြောင်းခြင်းမျိုးကို တာဝန်ယူဆောင်ရွက်သော အာဏာပိုင်များသည် အဖြစ်နိုင်ဆုံး လက်တွေ့ကျသော အတိုင်းအတာအထိ နေရပ်စွန့်ခွာ ရွှေ့ပြောင်းခံရသူများအား ဆီလျော်သော နေရာထိုင်ခင်းကို စီစဉ်ပေးကြောင်း၊ အဆိုပါ နေရပ်စွန့်ခွာ ရွှေ့ပြောင်းခြင်းသည် ဘေးကင်းလုံခြုံမှု၊ အစာအဟာရ ကျန်းမာရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု စိတ်ကျေနပ်ဖွယ်ရာ အခြေအနေများဖြင့် ဆောင်ရွက်စေကြောင်း၊ တူညီသောအိမ်ထောင်စု၏ မိသားစုဝင်များသည်လည်း တကွဲတပြား မဖြစ်ကြကြောင်း သေချာစေမှုရှိစေရမည်။

(၃) လက်နက်ကိုင် ပဋိပက္ခများနှင့် သဘာဝ ဘေးအန္တရာယ်များနှင့် စပ်လျဉ်းသည့် အဆင့်ဆင့်သော အရေးပေါ်ကာလအတွင်းမှအပ အခြားသော အခြေအနေရပ်များတွင် ဖြစ်ပွားသော နေရပ်စွန့် ခွာရွှေ့ပြောင်းခြင်းဖြစ်ပါက အောက်ဖော်ပြပါ အာမခံချက်များကို လိုက်လျောဆောင်ရွက်ပေးရမည်။

(က) အဆိုပါ အရေးယူဆောင်ရွက်မှုများနှင့်စပ်လျဉ်းသော အမိန့်ထုတ်ပြန်နိုင်ရန် ဥပဒေအရ အခွင့်အာဏာ အပ်နှင်းခြင်းခံရသော နိုင်ငံ၏အာဏာပိုင်က သီးခြားဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ပေးရမည်။

(ခ) နေရပ်စွန့်ခွာ ရွှေ့ပြောင်းရမည့်သူများအား မိမိတို့ကို နေရပ်စွန့်ခွာရွှေ့ပြောင်းရခြင်းနှင့် ပတ်သက်သော အကြောင်းပြချက်များနှင့် လုပ်ထုံးလုပ်နည်းများဆိုင်ရာ သတင်းအချက်အလက် အပြည့်အစုံအပြင် ဖြစ်နိုင်ပါက လျော်ကြေးပေးခြင်း၊ ပြန်လည်နေရာ ချထားပေးခြင်းနှင့် သက်ဆိုင်သော သတင်းအချက်အလက် အပြည့်အစုံကိုပါရရှိ စေရန်အတွက် အာမခံချက်ပေးရန် လုံလောက်သော စီမံဆောင်ရွက်မှုများ ထားရှိရမည်။

(ဂ) နေရပ်စွန့်ခွာရွှေ့ပြောင်းခံရမည့်သူများ၏ ကောင်းစွာသိရှိ နားလည်၍ လွတ်လပ်စွာပေးသော သဘောတူညီမှုကိုရယူရမည်။

(ဃ) သက်ဆိုင်ရာအာဏာပိုင်များသည် အကျိုးထိခိုက်ခံရသူများ၊ အထူးသဖြင့် အမျိုးသမီးများကို မိမိတို့၏ ပြန်လည်နေရာချထားခြင်းအပေါ် စီစဉ်ဆောင်ရွက်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့၌ ပါဝင်စေရန် ကြိုးပမ်းအားထုတ်ရမည်။

(င) ဥပဒေကိုလိုက်နာစေရန် အရေးယူဆောင်ရွက်မှု လိုအပ်သည့်အခါ ဥပဒေကြောင်းအရ လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသော အာဏာပိုင်များက ဆောင်ရွက်စေရမည်။

(စ) သင့်လျော်သော တရားစီရင်ရေးဆိုင်ရာ အာဏာပိုင်က အဆိုပါဆုံးဖြတ်ချက်မျိုးကို ပြန်လည်သုံးသပ်ခြင်း အပါအဝင် ထိရောက်မှုရှိသော တော်တည့်မှန်ကန်သည့် ကုစားသက်သာခွင့် ရရှိရန် အခွင့်အရေးကို လေးစားလိုက်နာရမည်။



### အခြေခံမူ ၈

အကျိုးစီးပွားထိခိုက်ခံရသူများ၏ အသက်ရှင်သန်ပိုင်ခွင့်၊ ဂုဏ်သိက္ခာရှိပိုင်ခွင့်၊ လွတ်လပ်ပိုင်ခွင့်နှင့် လုံခြုံမှုဆိုင်ရာပိုင်ခွင့်တို့ကို ချိုးဖောက်ရာရောက်သည့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းခြင်းကို ဖော်ဆောင်ခြင်း မရှိစေရ။

### အခြေခံမူ ၉

ဒေသခံတိုင်းရင်းသားများ၊ လူနည်းစုများ၊ တောင်သူလယ်သမားများ၊ တိရစ္ဆာန်မွေးမြူသူများနှင့် မိမိတို့၏ မြေယာများအပေါ် အထူးမှီခိုအားထားနေရသော သို့မဟုတ် ဆက်နွယ်မှုရှိနေသော အခြားအုပ်စုများ၏ နေရပ်စွန့်ခွာ ရွှေ့ပြောင်းရခြင်းအပေါ် ကာကွယ်စောင့်ရှောက်ရန် နိုင်ငံများတွင် အထူးတာဝန်တစ်ရပ် ရှိသည်။

## အပိုင်း ၃။
## နေရပ်စွန့်ခွာရွှေ့ပြောင်းစဉ်ကာလအတောအတွင်း
## ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာအခြေခံမူများ

### အခြေခံမူ ၁၀

(၁) လူသားတိုင်းတွင် ဥပဒေအရ အကာအကွယ်ပေးရမည့် မွေးရာပါ အသက်ရှင်သန်ပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးရှိပါသည်။ မည်သူ့ကိုမျှ မတရားသဖြင့် ဆင်ခြင်ကင်းမဲ့စွာဖြင့် သူ သို့မဟုတ် သူမ၏ အသက်ရှင်သန်မှုကို ပိတ်ပင်တားဆီးခြင်း မရှိစေရ။ ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းခံရသူများအပေါ် အထူးသဖြင့် အောက်ပါတို့ကို အကာအကွယ်ပေးရမည်။

(က) လူအစုလိုက်အပြုံလိုက်သတ်ဖြတ်မှု၊

(ခ) လူသတ်မှု၊

(ဂ) နည်းလမ်းတကျ စစ်ဆေးစီရင်ခြင်းမပြုဘဲ အလျင်စလို သို့မဟုတ် မတရားသဖြင့် တစ်ဖက်သတ် ကွပ်မျက်မှု၊

(ဃ) သွေးဆောင်ခေါ်ယူခြင်း သို့မဟုတ် ဖမ်းဆီးချုပ်နှောင်ထားပါလျက် ဝန်မခံခြင်း၊ သေစေမည်ဟု ခြိမ်းခြောက်ခြင်း သို့မဟုတ် သေစေခြင်းတို့အပါအဝင် အတင်းအကြပ် အစဖျောက်မှု။

ဖော်ပြပါပြုလုပ်မှု တစ်စုံတစ်ရာကို ကျူးလွန်မည်ဟု ခြိမ်းခြောက်ခြင်းနှင့် လှုံ့ဆော်ခြင်းတို့ကို တားမြစ်ရမည်။

(၂) စစ်မက်ပြခြင်းများတွင် မပါဝင်သော သို့မဟုတ် ဆက်လက်မပါဝင်တော့သော ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများအပေါ် တိုက်ခိုက်မှု သို့မဟုတ် အခြားသော အကြမ်းဖက် ဆောင်ရွက်မှုကို အခြေအနေအားလုံးတွင် တားမြစ်သည်။ ပြည်တွင်း၌ နေရပ်စွန့်ခွာရွှေ့ပြောင်း နေရသူများကို အောက်ပါတို့တွင် အထူးသဖြင့် ကာကွယ်စောင့်ရှောက်မှုပေးရမည်။

(က) အရပ်သားများအပေါ်တိုက်ခိုက်ခြင်းကိုခွင့်ပြုသည့် နယ်မြေကိုဖန်တီးခြင်း အပါအဝင် တိုက်ရိုက် သို့မဟုတ် အဆင်အခြင်ကင်းမဲ့သော တိုက်ခိုက်မှု သို့မဟုတ် အခြားသော အကြမ်းဖက်ဆောင်ရွက်မှု၊

(ခ) တိုက်ခိုက်ရေးနည်းလမ်းတစ်ရပ်အဖြစ် အငတ်ထားမှု၊

(ဂ) စစ်ရေးဆိုင်ရာ ရည်မှန်းချက်များကို တိုက်ခိုက်ခံရခြင်းမှ အကာအကွယ်ပြုရန် သို့မဟုတ် စစ်ဆင်ရေးကို ကာကွယ်ရန်၊ အထောက်အကူပြုရန်၊ ဟန့်တားရန် ယင်းတို့ကို အသုံးပြုမှု၊

(ဃ) ယင်းတို့၏စခန်း သို့မဟုတ် အခြေချနေထိုင်ရာကို တိုက်ခိုက်မှုများနှင့်

(င) လူအသက်နှင့် ခန္ဓာကိုယ်ကို ထိခိုက်စေသော မြေမြှုပ်မိုင်းများ အသုံးပြုမှု။

## အခြေခံမှု ၁၁

(၁) လူသားတိုင်းသည် လူ့ဂုဏ်သိက္ခာ၊ ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် ကိုယ်ကျင့်သိက္ခာဆိုင်ရာ အခွင့်အရေး ရရှိပိုင်ခွင့်ရှိသည်။

(၂) ပြည်တွင်း၌နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများသည် မိမိတို့၏လွတ်လပ်ခွင့်ကို ကန့်သတ်ချုပ်ချယ်ခံရသည်ဖြစ်စေ မခံရသည်ဖြစ်စေ၊ အောက်ဖော်ပြပါတို့မှ အထူးသဖြင့် အကာအကွယ်ရရှိစေရမည်။

(က) မုဒိမ်းမှု၊ ကိုယ်လက်အင်္ဂါဖျက်စီးခံရမှု၊ နှိပ်စက်ညှင်းပန်းခံရမှု၊ ရက်စက်ကြမ်းကြုတ်ခံရမှု၊ လူမဆန်စွာ သို့မဟုတ် သိက္ခာညှိုးနွမ်းအောင်ပြုမူခံရမှု သို့မဟုတ် အပြစ်ပေးခံရမှု၊ အမျိုးသမီး၊ အမျိုးသား လူမှုဆက်ဆံရေး ကွဲပြားမှုဆက်နွယ်သော သီးခြားရက်စက်ကြမ်းကြုတ်စွာ ပြုမူမှု၊ အတင်းအကြပ် ပြည့်တန်ဆာပြုမှုနှင့် မည်သည့်ပုံစံဖြင့်မဆို မဖွယ်မရာ ကိုယ်ထိလက်ရောက်ပြုခံရမှု အစရှိသော လူ့ဂုဏ်သိက္ခာအရ လက်ခံနိုင်ဖွယ်မရှိသောပြုမူမှုများ။



(ခ) ထိမ်းမြားရေးအတွက် ရောင်းချမှု၊ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှု၊ ကလေးသူငယ်များကို အဓမ္မအလုပ်စေခိုင်းမှုတို့စသော ကျွန်ပြုမှု သို့မဟုတ် ခေတ်ပေါ်ပုံစံ တစ်မျိုးမျိုးဖြင့် ကျွန်ပြုမှုနှင့်

(ဂ) ပြည်တွင်း၌နေရပ်စွန့်ခွာ ရွှေ့ပြောင်းခံရသူများအကြား အထိတ်တလန့်ကြောက်ရွံ့မှုကို ပျံ့နှံ့စေရန်ရည်ရွယ်၍ ရက်စက်ကြမ်းကြုတ်စွာပြုမူမှု။

ဖော်ပြပါ ပြုလုပ်မှုတစ်စုံတစ်ရာကို ကျူးလွန်မည်ဟု ခြိမ်းခြောက်ခြင်းနှင့် လှုံ့ဆော်ခြင်းတို့ကို တားမြစ်ရမည်။

## အခြေခံမှု ၁၂

(၁) လူသားတိုင်းသည် လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ လုံခြုံမှုတို့နှင့်ပတ်သက်သော အခွင့်အရေး ရရှိစေရမည်။ မည်သူမျှ တစ်ဖက်သတ် မတရားဖမ်းဆီးခံရခြင်း သို့မဟုတ် ချုပ်နှောင်ခံရခြင်း မရှိစေရ။

(၂) ပြည်တွင်း၌နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများအပေါ် ဤအခွင့်အရေး အကျိုးသက်ရောက်မှု ရှိစေရန်၊ စခန်းတစ်ခုတွင် ယင်းတို့အား ထိန်းသိမ်းထားခြင်း သို့မဟုတ် ချုပ်နှောင်ထားခြင်း မရှိစေရ။ အကယ်၍ အထူးအခြေအနေများတွင် အဆိုပါ ထိန်းသိမ်းထားခြင်း သို့မဟုတ် ချုပ်နှောင်ထားခြင်း လုံးဝလိုအပ်ပါက ထိုသို့ထိန်းသိမ်းချုပ်နှောင်ခြင်းမှာ အခြေအနေအရ လိုအပ်သည်ထက် ပိုမိုကြာရှည်ခြင်း မရှိစေရ။

(၃) ပြည်တွင်း၌နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများသည် မိမိတို့၏ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရမှုကြောင့် ခွဲခြားဆက်ဆံသော ဖမ်းဆီးခံရမှုနှင့် ချုပ်နှောင်ခံရမှုတို့မှ အကာအကွယ်ရရှိစေရမည်။

(၄) မည်သည့်ကိစ္စမျိုးတွင်မှ ပြည်တွင်း၌နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများကို ဓားစာခံအဖြစ် ခေါ်ဆောင်ခြင်းမရှိစေရ။

## အခြေခံမှု ၁၃

(၁) မည်သည့်အခြေအနေမျိုးတွင်မျှ စစ်မက်ပြိုင်ဆိုင်ရာတွင် ပါဝင်ဆောင်ရွက်ရန် နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသော ကလေးသူငယ်များကို စုဆောင်းခြင်း သို့မဟုတ် တောင်းဆိုခြင်း သို့မဟုတ် ခွင့်ပြုခြင်း မရှိစေရ။

(၂) ပြည်တွင်း၌နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများကို ယင်းတို့နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသည့်အတွက် လက်နက်ကိုင်တပ်ဖွဲ့ သို့မဟုတ် အုပ်စုအတွင်းသို့ ခွဲခြားဆက်ဆံသော သဘောဖြင့် စုဆောင်းခြင်းမှ ကာကွယ်စောင့်ရှောက်မှု ရရှိစေရမည်။ အထူးသဖြင့် စုဆောင်းမှုကို အတင်းအကြပ် လိုက်နာစေခြင်း သို့မဟုတ် မလိုက်နာလျှင် အပြစ်ပေး ခြင်းတို့တွင် မည်သည့်ရက်စက်ကြမ်းကြုတ်မှု၊ လူသားမဆန်မှု အဆင့်အတန်းနိမ့်ကျ အောင်လုပ်ဆောင်မှုတို့ကိုမဆို အခြေအနေအားလုံးတွင် တားမြစ်ရမည်။

## အခြေခံမူ ၁၄

(၁) ပြည်တွင်း၌ နေရပ်စွန့်ခွာရွှေ့ပြောင်းနေရသူတိုင်းသည် လွတ်လပ်စွာသွားလာပြောင်းရွှေ့နိုင်ခွင့်နှင့် သူ သို့မဟုတ် သူမ၏နေထိုင်ရာကို လွတ်လပ်စွာရွေးချယ် ပိုင်ခွင့်ရှိသည်။

(၂) အထူးသဖြင့် ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများသည် စခန်းများ သို့မဟုတ် အခြားအခြေချ နေထိုင်ရာနေရာများသို့ လွတ်လပ်စွာ ဝင်ထွက်သွားလာ နိုင်ခွင့်ရှိသည်။

## အခြေခံမူ ၁၅

ပြည်တွင်း၌နေရပ်စွန့်ခွာရွှေ့ပြောင်းနေရသူများသည် -

(က) နိုင်ငံ၏အခြားသော အရပ်ဒေသတွင် ဘေးကင်းလုံခြုံမှုကို ရှာဖွေရယူ ပိုင်ခွင့်၊

(ခ) မိမိတို့၏နိုင်ငံမှ ထွက်ခွာသွားပိုင်ခွင့်၊

(ဂ) အခြားနိုင်ငံတွင်ခိုလှုံရန် တောင်းဆိုပိုင်ခွင့်နှင့်

(ဃ) မိမိတို့၏အသက်ရှင်သန်မှု ဘေးကင်းလုံခြုံမှု လွတ်လပ်မှုနှင့်/သို့မဟုတ် ကျန်းမာရေးအတွက် ဘေးအန္တရာယ် ကျရောက်နိုင်ဖွယ်ရှိသောနေရာသို့ ဌာနေပြန်ရန် သို့မဟုတ် ပြန်လည်နေရာချထားရန် အတင်းအကြပ်ပြုခြင်းမှ ကာကွယ်စောင့်ရှောက်မှု ရပိုင်ခွင့် အခွင့်အရေးများရှိသည်။

## အခြေခံမူ ၁၆



(၁) ပြည်တွင်း၌နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူတိုင်းသည် မိမိတို့၏ ပျောက်ဆုံးနေသော ဆွေမျိုးများ၏ ကံကြမ္မာနှင့် မည်သည့်နေရာတွင် ရှိနေသည်ကို သိရှိနိုင်သည့်အခွင့်အရေး ရှိသည်။

(၂) သက်ဆိုင်ရာအာဏာပိုင်များသည် ပျောက်ဆုံးနေသည်ဟု အစီရင်ခံထားသော ပြည်တွင်း၌ နေရပ်စွန့်ခွာရွှေ့ပြောင်းနေရသူများ၏ ကံကြမ္မာနှင့် မည်သည့်နေရာတွင် ရှိနေသည်ကို ဖော်ထုတ်ပြဆိုရန် ကြိုးပမ်းအားထုတ်ရမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းနှင့် ဆက်နွယ်ဆောင်ရွက်လျက်ရှိသော သက်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်ရမည်။ အဆိုပါအာဏာပိုင်တို့သည် စုံစမ်းစစ်ဆေးမှု၏တိုးတက်မှုကို ဆွေမျိုးရင်းချာအား သတင်းပေးရမည်ဖြစ်သကဲ့သို့ ရလဒ်တစ်စုံတစ်ရာကိုလည်း ယင်းတို့အား အကြောင်းကြားရမည်။

(၃) သက်ဆိုင်ရာအာဏာပိုင်များသည် သေဆုံးသွားသူများ၏ ကျန်ရှိရုပ်ကလာပ်ကို ကောက်ယူပြီး မည်သူမည်ဝါမှန်း သိရှိအောင် ကြိုးစားအားထုတ်ရမည်ဖြစ်သကဲ့သို့၊ ရုပ်ကလာပ်ကို ရုပ်ပျက်ဆင်းပျက် မဖြစ်စေရန် သို့မဟုတ် အစိပ်အပိုင်းအဖြစ်မဖြတ်တောက်စေရန် အကာအကွယ်ပေးကာ ထိုကျန်ရှိသောရုပ်ကလာပ်ကို ဆွေမျိုးရင်းချာထံ ပြန်ပို့ပေးနိုင်ရေး လွယ်ကူမှုရှိစေရန် အကူအညီပေးရမည် သို့မဟုတ် ယင်းတို့ကို သင့်တင့်လျောက်ပတ်စွာ စီမံဖယ်ရှား သင်္ဂြိုဟ်ပေးရမည်။

(၄) ပြည်တွင်း၌နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများ၏ အုတ်ဂူနေရာကို အခြေအနေအားလုံးတွင် အကာအကွယ် ပေးရမည့်အပြင် သင့်တင့်လျောက်ပတ်စွာ ထားရှိရမည်။ ပြည်တွင်း၌နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများသည် မိမိတို့၏ သေဆုံးသွားသော ဆွေမျိုးများ၏ အုတ်ဂူနေရာများသို့ ဝင်ထွက်သွားလာရန် အခွင့်အရေး ရှိစေရမည်။

## အခြေခံမူ ၁၇

(၁) လူသားတိုင်းသည် သူ သို့မဟုတ် သူမ၏မိသားစုဘဝဆိုင်ရာ လေးစားမှုကို ခံစားပိုင်ခွင့်ရှိသည်။

(၂) ပြည်တွင်း၌နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများအတွက် အဆိုပါအခွင့် အရေးကို အကျိုးသက်ရောက်စေရန် သိုက်သိုက်ဝန်းဝန်း ဆက်လက်၍နေရန် ဆန္ဒရှိသော မိသားစုဝင်များကို ထိုသို့နေစေရန် ခွင့်ပြုရမည်။

(၃) နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရခြင်းကြောင့် တကွဲတပြား ဖြစ်နေကြသော မိသားစုများကို ဖြစ်နိုင်သမျှ အမြန်ဆုံး ပြန်လည်ပေါင်းစည်းစေသင့်ပါသည်။ အထူးသဖြင့် ကလေးသူငယ်များ ပါဝင်ပတ်သက်နေလျှင် အဆိုပါမိသားစုများ ပြန်လည် ပေါင်းစည်းရာတွင် လျှင်မြန်သွက်လက်စေရန် သင့်လျော်သော လုပ်ဆောင်ချက်များ အားလုံးကို ပြုလုပ်ရမည်။ တာဝန်ရှိသော အာဏာပိုင်များသည် မိသားစုဝင်များက စုံစမ်းသည်များကို လွယ်ကူ ချောမောအောင် ဆောင်ရွက်ပေးရမည့်အပြင် မိသားစုများ ပြန်လည် ပေါင်းစည်းရန် ကိစ္စတွင် ပါဝင်ဆောင်ရွက်နေသော လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများ၏လုပ်ငန်းကို အားပေးကူညီ၍ ပူးပေါင်းဆောင်ရွက်ရမည်။
(၄) စခန်းများအတွင်း၌ ထိန်းသိမ်းခံထားရခြင်း သို့မဟုတ် အကျဉ်းချခံထားခြင်းကြောင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်ခွင့်ကို ကန့်သတ်ခြင်းခံထားရသော ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများ၏ မိသားစုဝင်များသည် မိသားစုနှင့် အတူတကွ ဆက်လက် ၍နေထိုင်ပိုင်ခွင့်ရှိစေရမည်။

## အခြေခံမူ ၁၈

(၁) ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူတိုင်းသည် လုံလောက်သော လူနေမှု အဆင့်အတန်းကို ခံစားပိုင်ခွင့်ရှိသည်။
(၂) ပတ်ဝန်းကျင်အကြောင်းချင်းရာများကို ပဓာနမထားဘဲ ခွဲခြားဆက်ဆံမှု မပြုဘဲ လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသော အာဏာပိုင်များသည် ပြည်တွင်း၌နေရပ်စွန့်ခွာ ရွှေ့ပြောင်း နေရသူများအား အနိမ့်ဆုံးအားဖြင့် အောက်ပါတို့ကို ဖြည့်ဆည်းဆောင်ရွက် ပေးအပ်ခြင်းနှင့် ဘေးကင်းစွာ ရယူခံစားစေခြင်းကို သေချာအောင် ပြုလုပ်ပေးရမည်။

(က) မရှိမဖြစ်လိုအပ်သော အစားအစာနှင့် သောက်သုံးရန်သင့်လျော်သောရေ၊
(ခ) အခြေခံကျသော အခိုအကာနှင့် အိမ်ရာ၊
(ဂ) သင့်လျော်သော အဝတ်အထည်နှင့်
(ဃ) မရှိမဖြစ် လိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းနှင့် ကျန်းမာသန့်ရှင်းရေးလုပ်ငန်း။

(၃) ဤအခြေခံ ထောက်ပံ့ပစ္စည်းများနှင့် စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ခြင်းနှင့် ဖြန့်ဖြူးပေးခြင်းတွင် အမျိုးသမီးများ အပြည့်အဝ ပါဝင်မှုသေချာစေရန် အထူးကြိုးပမ်း အားထုတ်မှုများ ပြုလုပ်ရမည်။



## အခြေခံမူ ၁၉

(၁) ထိခိုက်ဒဏ်ရာရနေသူများနှင့် နာမကျန်းဖြစ်နေသူများအပြင် မသန်စွမ်းသူများ ဖြစ်သော ပြည်တွင်း၌နေရပ်စွန့်ခွာ ရွှေ့ပြောင်းခံရသူများအားလုံးသည် ယင်းတို့လိုအပ် နေသော ဆေးဝါးကုသမှုနှင့် ဂရုစိုက်မှုတို့ကို လက်တွေ့တွင်ဖြစ်နိုင်သမျှ အပြည့်အဝဆုံးအတိုင်း အတာအထိအပြင် နှောင့်နှေးကြန့်ကြာမှု အနည်းဆုံးဖြင့် ဆေးဝါးဆိုင်ရာ အကြောင်း ရင်းမှအပ အခြား မည်သည့်အကြောင်းကြောင့်မျှ ခြားနားခြင်းမရှိစေဘဲ ရရှိစေရမည်။ လိုအပ်သောအခါတွင် ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများသည် စိတ်ပိုင်း ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာဝန်ဆောင်မှုများကို ရရှိစေရမည်။
(၂) မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုပေးခြင်းအပြင် လိင်ပိုင်းဆိုင်ရာ နှင့်အခြားမတော်မတရား ပြုခံရသူများကို သင့်လျော်သော နှစ်သိမ့်ဆွေးနွေးအားပေးခြင်း ကဲ့သို့သော ဝန်ဆောင်မှုများနှင့် အမျိုးသမီးကျန်းမာရေး စောင့်ရှောက်မှုပေးသူများအား လက်လှမ်းမှီ ရရှိနိုင်ရန်အပါအဝင် အမျိုးသမီးများ၏ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက် များကို အထူးဂရုပြုအာရုံစိုက်မှု ပေးသင့်ပါသည်။
(၃) ပြည်တွင်း၌နေရပ်စွန့်ခွာ ရွှေ့ပြောင်းခံရသူများအကြား ခုခံအားကျဆင်းမှုရောဂါ အပါအဝင် ကူးစက်တတ်သောရောဂါနှင့် ကူးစက်ပြန့်ပွားလွယ်သော ရောဂါများကို ကာကွယ်ပေးရန် အထူးအာရုံစိုက်မှု ပေးသင့်ပါသည်။

## အခြေခံမူ ၂၀

(၁) လူသားတိုင်းသည် မည်သည့်နေရာတွင်မဆို ဥပဒေအရာတွင် လူတစ်ဦးအဖြစ် အသိအမှတ်ပြုခံရရန် အခွင့်အရေးရှိသည်။
(၂) ဤအခွင့်အရေးကို ပြည်တွင်း၌နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများအတွက် အကျိုးသက်ရောက်မှုရှိစေရန် သက်ဆိုင်ရာ အာဏာပိုင်များသည် နိုင်ငံကူးလက်မှတ် ၊ မည်သူမည်ဝါဖြစ်ကြောင်း ပုဂ္ဂိုလ်ရေးဆိုင်ရာ အထောက်အထား၊ မွေးစာရင်းနှင့် လက်ထပ် ကြောင်း သက်သေခံလက်မှတ်ကဲ့သို့သော ဥပဒေအခွင့်အရေးများကို ခံစားနိုင်ရန်နှင့် ကျင့်သုံး နိုင်ရန်အတွက် လိုအပ်သောအထောက်အထား စာရွက်စာတမ်းအားလုံးကို ယင်းတို့ အားထုတ်ပေးရမည်။ အထူးသဖြင့် အထောက်အထား စာရွက်စာတမ်းအသစ် သို့မဟုတ် နေရပ်ရွှေ့ပြောင်းနေရစဉ်အတွင်း ပျောက်ဆုံးသွားသော အထောက်အထား စာရွက်စာတမ်း များ အစားထိုးထုတ်ပေးသော အထောက်အထား စာရွက်စာတမ်းများကို ထုတ်ပေးရာတွင်

ထိုစာရွက်စာတမ်းများ သို့မဟုတ် အခြားလိုအပ်သော စာရွက်စာတမ်းများကို ရရှိနိုင်ရန် တစ်ဦးတစ်ယောက်၏ အစဉ်အလာအရ အမြဲတမ်းနေထိုင်သည့် နယ်မြေသို့ပြန်ရန် လိုအပ်သည်ဆိုသော ကျိုးကြောင်းမဆီလျော်သည့် စည်းကမ်းချက်များကို ချမှတ်ခြင်းမျိုးမရှိစေဘဲ လွယ်ကူအောင် ဆောင်ရွက်ပေးရမည်။

(၃) အမျိုးသမီးများနှင့် အမျိုးသားများသည် အဆိုပါလိုအပ်သော စာရွက်စာတမ်း အထောက်အထားများကို ရယူရာတွင် တန်းတူအခွင့်အရေး ရရှိရမည်ဖြစ်ပြီး မိမိတို့၏ အမည်ဖြင့် အဆိုပါစာရွက် စာတမ်းများကိုရရှိရန် အခွင့်အရေးလည်း ရရှိစေရမည်။

## အခြေခံမှု ၂၁

(၁) မည်သူတစ်ဦးတစ်ယောက်ကိုမျှ မိမိ၏ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို မတရားသဖြင့် တစ်ဖက်သတ် စွန့်လွှတ်ခြင်း မရှိစေရ။

(၂) ပြည်တွင်း၌နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများ၏ မိမိ၏ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်ကို အခြေအနေအားလုံးတွင် အထူးသဖြင့် အောက်ပါပြုလုပ်မှုများမှ ကာကွယ်စောင့်ရှောက်ရမည်။

(က) လုယက်ဖျက်ဆီးမှု၊

(ခ) တိုက်ရိုက် သို့မဟုတ် မဆင်မခြင်တိုက်ခိုက်မှု သို့မဟုတ် အခြားရက်စက်ကြမ်းကြုတ်စွာပြုမူမှု၊

(ဂ) စစ်ဆင်ရေး သို့မဟုတ် စစ်ရေးဆိုင်ရာ ရည်မှန်းချက်များကို အကာအကွယ်ပေးရန်အသုံးချခံရမှု၊

(ဃ) လက်တုံ့ပြန်ရာတွင် အသုံးချခံရမှုနှင့်

(င) စုပေါင်းပြစ်ဒဏ်ပေးသည့်အနေဖြင့် ဖျက်ဆီးခံရမှု သို့မဟုတ် သိမ်းဆည်းခံရမှု။

(၃) ပြည်တွင်း၌နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများ၏ ကျန်ရစ်ခဲ့သော ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်များကို ဖျက်ဆီးခြင်းနှင့် တစ်ဖက်သတ် တရားမဝင် သိမ်းဆည်းခြင်း၊ သိမ်းပိုက်ခြင်း၊ တရားမဝင် အသုံးပြုခြင်းတို့မှ ကာကွယ်စောင့်ရှောက်မှု ပေးသင့်ပါသည်။



## အခြေခံမှု ၂၂

(၁) ပြည်တွင်း၌နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများသည် စခန်းတွင် နေသည်ဖြစ်စေ မနေသည်ဖြစ်စေ အောက်ဖော်ပြပါအခွင့်အရေးများကို ခံစားရာတွင် မိမိတို့နေရပ်စွန့်ခွာ ရွှေ့ပြောင်းရခြင်းကြောင့် ခွဲခြားသတ်မှတ်ခံရခြင်း မရှိစေရ။

(က) လွတ်လပ်စွာတွေးခေါ်ပိုင်ခွင့်၊ လွတ်လပ်စွာခံယူရပ်တည်နိုင်ခွင့်၊ ဘာသာရေးလွတ်လပ်ခွင့် သို့မဟုတ် လွတ်လပ်စွာသက်ဝင် ကိုးကွယ်နိုင်ခွင့်၊ လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်၊

(ခ) အလုပ်အကိုင်ရရှိရန် အခွင့်အလမ်းများကို လွတ်လပ်စွာရှာဖွေပိုင်ခွင့်နှင့် စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်၊

(ဂ) လူမှုအသိုင်းအဝန်း အရေးအရာများတွင် လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့်နှင့် တန်းတူပါဝင်နိုင်ခွင့်၊

(ဃ) မဲဆန္ဒပေးပိုင်ခွင့်နှင့် အစိုးရနှင့် လူထုရေးရာများတွင် ပါဝင်ပိုင်ခွင့်၊ ဤအခွင့်အရေးကို ကျင့်သုံးနိုင်ရန် လိုအပ်သောနည်းလမ်းများကို ရယူပိုင်ခွင့်လည်း ပါဝင်သည်၊

(င) မိမိတို့နားလည်သည့် ဘာသာစကားဖြင့် ဆက်သွယ်ပြောဆိုပိုင်ခွင့်။

## အခြေခံမှု ၂၃

(၁) လူသားတိုင်းသည် ပညာသင်ယူရန် အခွင့်အရေးရရှိသည်။

(၂) ပြည်တွင်း၌နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများအတွက် ဤအခွင့်အရေးကို အကျိုးသက်ရောက်မှုရှိစေရန် သက်ဆိုင်ရာ အာဏာပိုင်များသည် အဆိုပါပုဂ္ဂိုလ်များ အထူးသဖြင့် နေရပ်စွန့်ခွာရွှေ့ပြောင်းနေရသော ကလေးသူငယ်များကို အခမဲ့နှင့် မသင်မနေရ မူလတန်းအဆင့်ပညာရေးကို ရရှိစေရန် သေချာအောင်ပြုလုပ်ရမည်။ ပညာရေးသည်လည်း ယင်းတို့၏ယဉ်ကျေးမှု စရိုက်လက္ခဏာ၊ ဘာသာစကားနှင့် ဘာသာရေးတို့ကို လေးစားရမည်။

(၃) ပညာရေးအစီအစဉ်များတွင် အမျိုးသမီးများနှင့် မိန်းကလေးတို့သည် အပြည့်အဝနှင့်အညီအမျှ ပါဝင်ဆောင်ရွက်ခွင့်ရရှိအောင် အထူးအားထုတ်မှုကို ပြုလုပ်ထားသင့်ပါသည်။

(၄) ပညာရေးနှင့် သင်တန်းအထောက်အကူပြု ပစ္စည်းများကို ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းခံရသူများအား၊ အထူးသဖြင့် ဆယ်ကျော်သက်နှင့် အမျိုးသမီးများ၊ စခန်းတွင်နေသည်ဖြစ်စေ မနေသည်ဖြစ်စေ၊ အခြေအနေများက ခွင့်ပြုလျှင်ခွင့်ပြုချင်း၊ ရရှိနိုင်စေရန် ပြုလုပ်ထားရမည်။

## အပိုင်း ၄။
## လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကူညီထောက်ပံ့မှုနှင့်စပ်လျဉ်းသော အခြေခံမူများ

### အခြေခံမူ ၂၄

(၁) အားလုံးသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုကို လူသားချင်းစာနာထောက်ထားခြင်း၊ ဘက်လိုက်မှု မရှိခြင်းနှင့် ခွဲခြားဆက်ဆံမှု မရှိခြင်း ဆိုသည့် အခြေခံမူများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။
(၂) ပြည်တွင်း၌နေရပ်စွန့်ခွာရွှေ့ပြောင်းနေရသူများသို့ပေးသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုသည် အထူးသဖြင့် နိုင်ငံရေး သို့မဟုတ် စစ်ရေးအကြောင်း တရားများကြောင့် သွေဖီသွားခြင်း မရှိစေရ။

### အခြေခံမူ ၂၅

(၁) ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများသို့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုပေးရန် အခြေခံတာဝန်နှင့် ဝတ္တရားသည် အမျိုးသားအဆင့် အာဏာပိုင်များတွင် တည်ရှိသည်။
(၂) အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများနှင့် အခြားသင့်လျော်သော ပါဝင်ဆောင်ရွက်သူများသည် ပြည်တွင်း၌နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများအား အထောက်အပံ့ပေးရန် ယင်းတို့၏ဝန်ဆောင်မှုကို ကမ်းလှမ်းရန် အခွင့်အရေး ရှိသည်။ အဆိုပါ ကမ်းလှမ်းချက်ကို မိတ်ဆွေ မပီသသောပြုလုပ်မှု သို့မဟုတ် နိုင်ငံ၏ပြည်တွင်းရေးရာများတွင် ဝင်ရောက်စွက်ဖက်သည်ဟု မှတ်ယူခြင်း မပြုရသလို ကောင်းသောစေတနာဖြင့် ပြုသည်ဟုမှတ်ယူရမည်။ အထူးသဖြင့် သက်ဆိုင်ရာ



အာဏာပိုင်များသည် လိုအပ်နေသော လူသားချင်းစာနာထောက်ထားမှု အကူအညီကို မဖြည့်ဆည်းပေးနိုင် သို့မဟုတ် ပေးရန်ဆန္ဒမရှိသော အခါမျိုးတွင် ထိုကမ်းလှမ်းချက်ကို တစ်ဖက်သတ် ငြင်းပယ်ခြင်းမပြုရ။

(၃) အားလုံးသော အာဏာပိုင်များသည် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာကူညီထောက်ပံ့မှု လမ်းကြောင်းကို ခွင့်ပြုရမည်ဖြစ်သလို လွယ်ကူချောမွေ့အောင်လည်း ပြုလုပ်ပေးရပါမည်။ အဆိုပါ အကူအညီပေးမှု ဆောင်ရွက်နေသူများကို လျှင်မြန်စွာနှင့် နှောင့်နှေးရပ်တန့်ခြင်း မရှိစေဘဲ ပြည်တွင်း၌နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများထံသို့ ရောက်ရှိနိုင်စေရန် ခွင့်ပြုရမည်။

### အခြေခံမူ ၂၆

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုကို ဆောင်ရွက်နေသူများ၊ ယင်းတို့၏ သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပို့ပစ္စည်းများကို လေးစားရမည်ဖြစ်သလို ကာကွယ်စောင့်ရှောက်မှုလည်း ပေးရမည်။ ယင်းတို့ကို တိုက်ခိုက်ခြင်းမပြုရ သို့မဟုတ် ရက်စက်ကြမ်းကြုတ်စွာ ပြုမူခြင်းလည်း မရှိစေရ။

### အခြေခံမူ ၂၇

(၁) အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများနှင့် အခြားသင့်လျော်သော ပါဝင်ဆောင်ရွက်သူများသည် ကူညီထောက်ပံ့မှုများကို ပေးအပ်ရာတွင် ကာကွယ်စောင့်ရှောက်မှု လိုအပ်ချက်များနှင့် *ပြည်တွင်း၌နေရပ်စွန့်ခွာရွှေ့ပြောင်း နေရသူများ*၏ လူ့အခွင့်အရေးများကို ထိုက်သင့်သော အလေးထားမှု ပေးသင့်သလို ဤကိစ္စနှင့်စပ်လျဉ်း၍ သင့်လျော်သော အရေးယူဆောင်ရွက်မှုများကိုလည်း ပြုလုပ်ရမည်။ ဤသို့ပြုလုပ်ရာတွင် ဤအဖွဲ့အစည်းများနှင့် ပါဝင်ဆောင်ရွက်သူများသည် သက်ဆိုင်ရာအပြည်ပြည်ဆိုင်ရာ စံများနှင့် စောင့်ထိန်းရမည့်ကျင့်ဝတ်များကို လေးစားမှု ရှိသင့်သည်။

(၂) အထက်ပါစာပိုဒ်သည် နိုင်ငံများ၏ ကမ်းလှမ်းချက် သို့မဟုတ် မေတ္တာရပ်ခံချက်အရ ဝန်ဆောင်မှုပေးရသော အဆိုပါ ရည်ရွယ်ချက်အလို့ငှာ လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ တာဝန်ဝတ္တရားများကို ထိခိုက်ခြင်းမရှိစေရ။

## အပိုင်း ၅။
## ဌာနေပြန်ခြင်း၊ပြန်လည်နေရာချထားပေးခြင်းနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်းများဆိုင်ရာအခြေခံမူများ

### အခြေခံမူ ၂၈

(၁) လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသော အာဏာပိုင်များသည် ပြည်တွင်း၌ နေရပ်စွန့်ခွာရွှေ့ပြောင်း နေရသူများအား မိမိတို့၏နေအိမ်များ သို့မဟုတ် အစဉ်အလာအရ အမြဲနေထိုင်ရာများသို့ ဘေးကင်းလုံခြုံစွာနှင့် သိက္ခာရှိစွာ မိမိတို့၏ဆန္ဒအလျောက် ပြန်လာနိုင်ရန်နှင့် နိုင်ငံ၏တခြားတနေရာတွင် မိမိတို့၏ဆန္ဒအလျောက် ပြန်လည်နေရာချထားခွင့်ပြုသော အခြေအနေများကို ဖန်တီးပေးရန်နှင့် နည်းလမ်းများကိုပါ ဖြည့်ဆည်း ဆောင်ရွက်ပေးရန်အတွက် အခြေခံတာဝန်နှင့် ဝတ္တရားများရှိသည်။ အဆိုပါ အာဏာပိုင်များသည် ဌာနေပြန်လာသော သို့မဟုတ် ပြန်လည်နေရာချထားခြင်းခံရသော *ပြည်တွင်း၌ နေရပ်စွန့်ခွာရွှေ့ပြောင်းနေရသူများ* ပြန်လည်ဝင်ဆံ့ ပေါင်းစည်းပေးခြင်းကို လွယ်ကူ ချောမွေ့စေရန် ကြိုးပမ်းမှုများပြုလုပ်ရမည်။

(၂) *ပြည်တွင်း၌နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများ*အား ယင်းတို့၏ ဌာနေပြန်ခြင်း၊ ပြန်လည်နေရာချထားပေးခြင်းနှင့် ပြန်လည်ဝင်ဆံ့ ပေါင်းစည်းပေးခြင်းတို့အတွက် အစီအစဉ်များ ရေးဆွဲခြင်းနှင့် စီမံခန့်ခွဲခြင်းတို့တွင် အပြည့်အဝပူးပေါင်း ပါဝင်ဆောင်ရွက်ခြင်းရှိမှု သေချာမှုရှိစေရန်အတွက် အထူးအားထုတ်မှုများကို ပြုလုပ်ရမည်။

### အခြေခံမူ ၂၉

(၁) မိမိတို့၏နေအိမ်များ သို့မဟုတ် အစဉ်အလာအရ အမြဲနေထိုင်သည့် နေရာများသို့ဌာနေပြန်လာသော သို့မဟုတ် နိုင်ငံ၏အခြားတစ်နေရာတွင် ပြန်လည်နေရာချထားခြင်းခံရသော *ပြည်တွင်း၌နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများ*အား ထိုကဲ့သို့ နေရပ်စွန့်ခွာရွှေ့ပြောင်းနေရခြင်းကြောင့် ခွဲခြားဆက်ဆံခံရခြင်း မရှိစေရ။ ယင်းတို့သည် အဆင့်အားလုံးတွင် အများပြည်သူဆိုင်ရာ အရေးကိစ္စများ၌ အပြည့်အဝနှင့်အညီအမျှ ပါဝင်ခွင့်ရရှိမည်ဖြစ်၍ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုကို ရယူခံစားရာတွင်လည်း တန်းတူဖြစ်စေရမည်။



(၂) လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသော အာဏာပိုင်များသည် ဌာနေပြန်လာသော နှင့်/ သို့မဟုတ် ပြန်လည်နေရာချထားပေးခြင်းခံရသော *ပြည်တွင်း၌နေရပ်စွန့်ခွာ ရွှေ့ပြောင်း နေရသူများ*အား နေရပ်စွန့်ခွာရွှေ့ပြောင်းခြင်းကြောင့် မိမိတို့ကျန်ရစ်ခဲ့သော သို့မဟုတ် လက်လွတ်ဆုံးရှုံးခဲ့ရသော ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်များကို ဖြစ်နိုင်သရွေ့ ပြန်လည် ရရှိအောင် ကူညီဆောင်ရွက်ပေးရန် တာဝန်နှင့် ဝတ္တရားရှိသည်။ အဆိုပါ ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်များကို ပြန်လည်ရရှိရန်မဖြစ်နိုင်သည့်အခါ၊ လုပ်ပိုင်ခွင့်အပ်နှင်းခြင်း ခံရသော အာဏာပိုင်များသည်၊ ထိုပုဂ္ဂိုလ်များအား သင့်လျော်သော လျော်ကြေး သို့မဟုတ် အခြားသော ပုံစံဖြင့်ပေးသည့် မျှတသော လျော်ကြေးပေးခြင်းမျိုးကို ရရှိစေနိုင်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း သို့မဟုတ် အကူအညီပေးခြင်း ပြုလုပ်ရမည်။

### အခြေခံမူ ၃၀

သက်ဆိုင်သော အာဏာပိုင်အားလုံးသည် ယင်းတို့၏သက်ဆိုင်ရာ လုပ်ပိုင်ခွင့်များကို ကျင့်သုံးရာတွင် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အဖွဲ့များနှင့် အခြားသင့်လျော်သော ပါဝင်ဆောင်ရွက်သူများအား *ပြည်တွင်း၌နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများ*၏ ဌာနေပြန်ခြင်း၊ ပြန်လည်နေရာ ချထားခြင်းနှင့် ပြန်လည် ဝင်ဆံ့ပေါင်းစည်းပေးခြင်းတို့နှင့် စပ်လျဉ်း၍ အကူအညီပေးနိုင်ရန်အတွက် *ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများ*ထံသို့ လျှင်မြန်စွာနှင့် အဟန့်အတားကင်းမဲ့စွာ ရောက်ရှိတွေ့ဆုံနိုင်ခွင့် ပြုရမည့်အပြင် လွယ်ကူချောမွေ့စေရန်လည်း ဆောင်ရွက်ပေး ရမည်။